TUESDAY, 10 JUNE 2008

## ယနေ့ရရှိသော မြန်မာပြည်သတင်းများ

ရန်ကုန်မြို့ ကုလသမဂ္ဂ ရုံးရှေ့ မှာ ဒုက္ခသည်တွေ အကူညီတောင်းခံ

ဇွန်လ ၁၀ရက် မနက် ၁၀နာရီက မရမ်းကုန်းမြို့ နယ် က အိုင်စီအာစီရုံး ကို ခြောက်ဒဂုံ ဒုက္ခသည်စခန်း က ဒုက္ခသည် ၃၀ ကျော်သွားပြီး သူတို့ ရဲ့ လူမှု ဒုက္ခတွေကိုတင်ပြခဲ့ကြတယ်လို့ သိရတယ်။
သူတို့ တင်ပြတာတွေကတော့ ဒုက္ခသည်တွေခိုလှုံရာနေရာတွေကနေဖယ်ရှားခိုင်းတဲ့ကိစ္စ၊ အစာရေစာနဲ့ ဆေးဝါး မလုံလောက်မှုတွေကို ကူညီပေးဖို့ သွားရောက်တောင်းဆိုခဲ့တယ်။
အိုင်စီအာစီရုံးက သူတို့ အကူညီမပေးနိုင်ဘူးလို့ ပြောလိုက်တယ်။ သူတို့ ဟာ ဗဟန်းမြို့ နယ်မှာရှိတဲ့ ယူအန်ဒီပီ ရုံးကိုဆက်သွားခဲ့တယ်။ ယူအန်ဒီပီရုံးက ဒုက္ခသည်တွေကိုမြင်တဲ့အခါမှာ အကူညီမပေးပဲတံခါးကိုအတင်းပိတ်လိုက်ပါတယ်။
ဒုက္ခသည်တွေကိုမြန်မာနိုင်ငံကြက်ခြေနီအသင်း က အမျိုးသမီးငယ်နစ်ဦးက ဦးဆောင်ခေါ်လာတာဖြစ်ပါတယ်။
ဒီနစ်ဦးကနောက်ပေါက် က ဝင်ဖို့ကြိုးစားတယ်။
အဲဒီအချိန်မှာ ယူအန်ဒီပီက ရဲကိုခေါ်ပါတယ်။ ရဲက စွမ်းအားရှင်နဲ့ ကြံ့ဖွတ်တွေကိုလွှတ်ပြီး ဒုက္ခသည်တွေကို ဖမ်းဆီး သွားပါတယ်။ အနည်းဆုံး လူ ၆ ဦးထက်မနည်း အဖမ်းခံလိုက်ရပါတယ်။ ဒုက္ခသည်တွေ အနေနဲ့ ယူအန်ကို အားကိုးတကြီးလာရောက်အကူညီတောင်းပေးမဲ့ ယူအန်က သူတို့ ကိုဘာမှာ မကူညီနိုင်တဲ့ အဖွဲ့ ကြီးပါလား လို့ ပြောဆိုနေကြပါတယ်။နောက်ဆက်တွဲဖမ်းဆီးမှု တွေရှိနိုင်တယ်လို့ မျက်မြင် တဦးက ဆိုပါတယ်။

ဒုက္ခသည်တွေကိုယ်တိုင် ကိုယ်ပြသာနကိုကိုယ်တိုက်ပွဲဝင်ဖြေရှင်းနေတဲ့ နည်းနာကတော့ အတော့်ကိုမှန်ကန်တဲ့နည်းနာဖြစ်ပါတယ်။ ယူအန် တခုထည်းကိုပဲ သွားရောက်တောင်းဆိုတာတင်မကပဲ၊အမေရိကန် ၊ ပြင်သစ်၊ အင်္ဂလန်နဲ့ အနောက်နိုင်ငံက သံရုံးတွေကိုလည်း ဒုက္ခသည်တွေ ကိုယ်တိုင်မိမိတို့ ပြသာနာတွေကို တင်ပြ အကူညီတောင်းခံတဲ့ လှုပ်ရှားမှုတွေကို ဆောင်ရွက်သင့်ပါကြောင်း အကြံပေးလိုပါတယ်။

မောင်ဝိတ်တော့ ဘောင်အပိတ်ခံရပြီ

အင်ဒိုနီးရှားဆောက်လုပ်ရေးကုမ္ပဏီတခုက ငွေတွေကို ခိုးယူပြီး မတရားချမ်းသားလာတဲ့ မောင်ဝိတ်ဟာ မေလ ၂၈ ရက် နေ့ က အဖမ်းခံလိုက်ရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ ဖြန့် ချီမှုတွေကြောင့်လို့ သိရပါတယ်။
ဆိုင်ကလုန်မုန်တိုင်းမဖြစ်ခင် အထိမောင်ဝိတ်ဟာ
နအဖ ခေါင်းဆောင်ဆောင်တွေနဲ့ အလွန် ပလဲနံပ သင့်သူဖြစ်ပါတယ်။
မောင်ဝိတ်နဲ့ အတူ အောင်ဇော်ရဲ မြင့်လည်းပါသွားပါတယ်။ အောင်ဇော်ရဲ မြင့် ဆိုတာ ဗိုလ်ချုပ်ရဲမြင့်ရဲ့သားဖြစ်ပါတယ်။
သူကိုလည်း မော်ဒဲလ် သင်ဇာဝင့်ကျော်နဲ့ အတူဖမ်းဆီးပြီး ဝက်ထီးကန်ဆေးဖြုတ်စခန်းမှာချုပ်နှောင်ထားတယ်။ နအဖနဲ့ နီးစပ်တဲ့
အသိုင်းအဝိုင်းတွေအဆိုအရ နာဂျစ်ဆိုင်ကလုန်း ဖြစ်ပွားလာတဲ့အခါမှာ တပ်ချုပ်ကြီးသန်းရွှေရဲ့ ကိုင်တွယ်ပုံတွေကို

နအဖ ခေါင်းဆောင်ပိုင်းမှာ မကျေမနပ်ဖြစ်ကြပါတယ်။ ဒါကိုသန်းရွှေက လက်ဦးမှုရယူပြီး မူးယစ်ဆေးဝါးပုဒ်မတပ်ပြီး
အောင်ဇော်ရဲ့မြင့်နဲ့ မောင်ဝိတ်တို့ ကိုဖမ်းဆီးခဲ့တာလို့ သိရပါတယ်။
တကယ်လို့ မူးယစ်ဆေးဝါးမှုနဲ့ အရေးယူမယ်ဆိုရင် နအဖ ဗိုလ်ချုပ်သားသမီးတွေအားလုံးကို ဖမ်းဖို့ လိုပါတယ်။ သူတို့ ဟာ
ကိုယ်တိုင်လည်း သောက်သုံးကြပါတယ်။ လက်သိပ်ထိုးလည်းရောင်းဝယ်နေကြတယ်။ အမေရိကန်ကအီးလို့ခေါ်တဲ့
မူးယစ်ဆေးဝါးတမျိုးကိုလည်း သူတို့ အလွန်နစ်သက်ကြကြောင်းသိရပါတယ်။ဒီမူးယစ်ဆေးဝါးမှုနဲ့ပတ်သက်ပြီး
မင်းသမီးနန္ဒာလှိုင်၊နဝရတ်၊ဒါရိုက်တာမောင်မျိုးမင်း၊ဇတ်ပို့သရုပ်ဆောင်ဖိုးကျော်၊ပိုင်အိုးနီးယားနိုက်ကလပ် မန်နေဂျာကိုဖြိုးနဲ့
မော်ဒဲလ်ဇာဇာမင်းထက်တို့ကိုလည်းခေါ်ယူစစ်ဆေးနေတယ် လို့သိရပါတယ်။

အခြားသတင်းများ

မြန်မာနိုင်ငံမှာ ယူရို၂၀၀၈ ကိုထပ်ဆင့်လွှင့်ဖို့လုပ်နေတဲ့ ပထမဦးဆုံး ဖက်စပ် ရုပ်သံလွှင့်လုပ်ငန်းဖြစ်တဲ့ Family
Entertainment ဟာ ယူရို ၂၀၀၈ အတွက် သူ့ရဲ့ဖောက်သည်တွေထံက ပိုက်ဆံကောက်ထားပြီးပါပြီ ဒါပေမယ့်
ယူရိုပွဲကိုတရားဝင် ရိုက်ကူးထုတ်လွှင့်ခွင့်ရရှိထားတဲ့ ဥရောပအားကစားရုပ်သံလွှင့်ကုမ္ပဏီတွေက သန်းရွှေရဲ့သမီးများ
ရှယ်ယာပါတဲ့Family Entertainment ကိုEU Sanction အရ ထပ်ဆင့်ထုတ်လွှင့်ခွင့် ရောင်းချဘို့ ငြင်းပယ်ခဲ့ပါတယ်..
ဒါကြောင့် Family Entertainment ဟာ အရှက်တကွဲနဲ့ လက်ခံထားပြီးသားပိုက်ဆံတွေကို
မေတ္တာလက်ဆောင်တွေနဲ့တကွပြန်အမ်းနေပါပြီ။ဒီအခါမှာ သန်းရွှေရဲ့နောက်လိုက်နောက်ပါများက.. မျက်နှာလိုအားရနဲ့
နဂိုရ်တည်းက အမြှီးဖြတ်ခြင်နေတဲ့..
ငြိုပ်တုစလောင်းတွေကိုလိုက်ပြီး ပြဿနာရှာနေပါတယ်။

နအဖပညာရေးဝန်ကြီးဌာနရဲ့ အစမ်းသပ်ခံပညာရေးစနစ်အရ ၉တန်းနဲ့၁၀တန်း အတွက်
သင်ရိုးညွှန်းတန်းပြဌန်းစာအုပ်တွေကို
ပြောင်းလဲလိုက်ပြန်တဲ့အတွက် ကျောင်းသားတွေနဲ့ မိဘတွေမကျေမနပ်ပြောဆိုနေကြပါတယ်။

အခုရန်ကုန်မှာ ကလေးတွေဆော့ကစားရင်း သီဆိုနေကြတာကတော့

တပ်မတော်ကြီးကို ဘီစကစ်ကျွေးဖို့ ဥN လာပါပြီ
ရဲဘော်အပေါင်းကို ဝေစားကြဖို့ ညွှန်ကြားအပ်ပါသည်။